## ၄။ သဒ္ဒါရှင်းလင်းချက်

### ၁. これ／それ／あれ


これ၊それ၊あれ သည်အရာဝတ္ထုကိုညွှန်ပြသောစကားလုံးဖြစ်ပြီး၊နာမ်အဖြစ်ရပ်တည်သည်။
これ ကိုပြောသူ၏အနီးတွင်ရှိသောအရာကိုညွှန်ပြရာတွင်အသုံးပြုသည်။
それ ကိုနာသူ၏အနီးတွင်ရှိသောအရာကိုညွှန်ပြရာတွင်အသုံးပြုသည်။
あれ ကိုပြောသူ၊နာသူနှစ်ဦးစလုံးမှဝေးကွာသောအရာကိုညွှန်ပြသောအခါတွင်အသုံးပြုသည်။

① それは 辞書(じしょ)ですか。　　အဲဒါက အဘိဓာန်ပါလား။
② これは だれの 傘(かさ)ですか。　　ဒါက ဘယ်သူရဲ့ထီးပါလဲ။

### ၂. この N／その N／あの N

နာမ်ကိုအထူးပြုသောအခါ၌ この၊その၊あの တို့ကိုအသုံးပြုသည်။

③ この 本(ほん)は わたしのです。　　ဒီစာအုပ်က ကျွန်တော့်/ကျွန်မဟာပါ။
④ あの 方(かた)は どなたですか。　　ဟိုပုဂ္ဂိုလ်က ဘယ်သူပါလဲ။




### ၃. そうです

နာမ်ဝါကျတွင်အဟုတ်ဖြစ်ကြောင်း (/အငြင်းမဟုတ်ကြောင်း) နှင့်အငြင်းဖြစ်ကြောင်း (/မဟုတ်ဖြစ်ကြောင်း) ကိုမေးမြန်းသည့် မေးခွန်းမျိုးအတွက် အဟုတ်ဝါကျ (/အငြင်းမဟုတ်ဝါကျ) ၏အဖြေ၌ そう ကိုအသုံးပြုပြီး၊ はい、そうです ဟု ပြန်လည်ဖြေဆိုနိုင်သည်။

⑤ それは 辞書(じしょ)ですか。　　အဲဒါက အဘိဓာန်ပါလား။
……はい、そうです。　　......ဟုတ်ကဲ့၊ ဟုတ်ပါတယ်။

အငြင်းဝါကျ (/မဟုတ်ဝါကျ) ၌ そう ကိုအသုံးပြု၍ဖြေကြားခြင်းသည်သာမန်ဖြေကြားနည်းမဟုတ်။ ၎င်းအစား ちがいます (မှားပါတယ်/လွဲပါတယ်/မဟုတ်ပါဘူး) ကိုအသုံးပြု၍အဖြေမှန်ကိုဖြေဆိုသည်ကများ၏။

⑥ それは ミラーさんのですか。　　အဲဒါက မစ္စတာမီလာ့ဟာပါလား။
……いいえ、違(ちが)います。　　......ဟင့်အင်း၊ မဟုတ်ပါဘူး။

⑦ それは シャープペンシルですか。　　အဲဒါက ခဲဆံဘောပင်ပါလား။
……いいえ、ボールペンです。　　......ဟင့်အင်း၊ ဘောပင်ပါ။



### ၄. ～か、～か

တစ်ခုထက်ပိုသောအမေးဝါကျများကိုယှဉ်၍အဖြေမှန်ကိုရွေးချယ်ရသောအမေးဝါကျဖြစ်သည်။
အဖြေတွင် はい၊いいえ ကိုမထည့်ဘဲ၊ရွေးချယ်ထားသောဝါကျကို၎င်းအတိုင်းဖော်ပြသည်။

⑧ これは「9」ですか、「7」ですか。　　ဒါက "၉" လား၊ "၇" လား။
……「9」です。　　...... "၉" ပါ။

### ၅. $N_1$ の $N_2$

$N_1$ သည် $N_2$ ကိုအထူးပြုသောအခါ $N_1$ နှင့် $N_2$ ၏အကြားတွင် の ကိုအသုံးပြုနိုင်သည့်အကြောင်းကို သင်ခန်းစာ-၁တွင်လေ့လာခဲ့ပြီး ဖြစ်သည်။

၁) $N_1$ သည် $N_2$ ကမည်သည့်အရာနှင့်ပတ်သက်သောအရာဖြစ်ကြောင်းကိုရှင်းလင်းဖော်ပြသည်။

⑨ これは コンピューターの 本(ほん)です。　　ဒါက ကွန်ပျူတာ စာအုပ်ပါ။

၂) $N_1$ သည် $N_2$ ၏ပိုင်ဆိုင်သူကိုဖော်ပြသည်။

⑩ これは わたしの 本(ほん)です。　　ဒါက ကျွန်တော့်/ကျွန်မရဲ့ စာအုပ်ပါ။

### ၆. နာမ်အစားအသုံးပြုသည့် の

ဤ の သည်ရှေ့မှနာမ် (⑪ တွင် かばん) ၏အစားအသုံးပြုသည်။ ⑪ ကဲ့သို့သောနာမ် (さとうさん) ၏ နောက်တွင်ထားပါက၊ $N_1$ の $N_2$ (さとうさんの　かばん) မှ $N_2$ ကိုဖြုတ်ထားသောအရာနှင့်ပုံသဏ္ဌာန်တူသည်။ の ကိုအရာဝတ္ထု၏အစားထိုးအဖြစ်အသုံးပြုပြီး၊လူပုဂ္ဂိုလ်၏အစားထိုးအဖြစ်မူအသုံးမပြုပါ။

⑪ あれは だれの かばんですか。　　ဟိုဟာ ဘယ်သူ့ရဲ့ အိတ်ပါလဲ။
……佐藤(さとう)さんのです。　　......မစ္စတာဆတိုးရဲ့ဟာပါ။

⑫ この かばんは あなたのですか。　　ဒီ အိတ်က သင့်ရဲ့ ဟာပါလား။
……いいえ、わたしのじゃ ありません。　　......ဟင့်အင်း၊ ကျွန်တော့်/ ကျွန်မဟာ မဟုတ်ပါဘူး။

⑬ ミラーさんは IMC 社員(しゃいん)ですか。　　မစ္စတာမီလာက IMC က ကုမ္ပဏီဝန်ထမ်းပါလား။
……はい、IMC の 社員(しゃいん)です。　　......ဟုတ်ကဲ့၊ IMC ကကုမ္ပဏီဝန်ထမ်းပါ။
×　はい、IMC のです。　　× ဟုတ်ကဲ့၊ IMC ရဲ့ဟာပါ။

### ၇. お～

お သည်နာမ်နှင့်ပတ်သက်၍ ယဉ်ကျေးပျူငှာမှုကိုဖော်ပြသောတာဝန်ကိုထမ်းဆောင်သည်။
(ဥပမာ- [お]みやげ လက်ဆောင်၊ [お]さけ အရက်) [お]みず ရေ [お]はな ပန်း [お]かし မုန့်.

### ၈. そうですか

သတင်းအချက်အလက်အသစ်များကိုရရှိလာသောအခါသိရှိနားလည်ပြီးကြောင်းကိုဖော်ပြရန်အတွက်ဤအသုံးအနှုန်းကိုအသုံးပြုသည်။အကျအင်တိုနေးရှင်းဖြင့်အသံထွက်သည်။

⑭ この 傘(かさ)は あなたのですか。　　ဒီ ထီးက သင့်ရဲ့ဟာ ပါလား။
……いいえ、違(ちが)います。シュミットさんのです。　　...... ဟင့်အင်း၊ မဟုတ်ပါဘူး။ မစ္စတာရှမစ်တိုရဲ့ဟာပါ။
そうですか。　　ဟုတ်လား။

